ဘ၀ပင်ကျေးရွာ

ထား၀ယ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဘ၀ပင်ကျေးရွာ၊ ထား၀ယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ဘဝပင်ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၁
- (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
- (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
- (ဂ) ဦးစားပေး စီမံချက်များ
- (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
- (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
- (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
- (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
- (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
- (က) ကြီးကြပ်စစ်ဆေးခြင်း
- (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
- (ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊
**ပြဿနာနှင့်အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ **ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**
**ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**
**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
**ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်**
**နှင့် အခက်အခဲများ**
**ဇယား** ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
**ဇယား** ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဘဝပင်ကျေးရွာ
ထားဝယ်မြို့နယ်

# ဘဝပင် ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေ ကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ထားဝယ်-မေတ္တာလမ်းမှ ကျေးရွာထဲသို့ (၂)မိုင်ခန့် ဝင်လာရပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ထားဝယ်မြို့နှင့် ဆက်သွယ်သွားလာရ အတန်အသင့် အဆင်ပြေပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းမြင့်ပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများမှ ကင်းလွတ်ပါသည်။ ကျေးရွာအနီးတွင် တောတောင်များရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဒေသမဟုတ်သဖြင့် လယ်ယာမြေများ စိုက်ပျိုးရန်အတွက် ခက်ခဲလှသည်။

### (ခ) သဘာဝအရင်းအမြစ်

ဥယျာဉ်ခြံမြေ၊ နှစ်ရှည်သီးနှံ စိုက်ခင်းများရှိပြီး မြေဆီ အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သယံဇာတထွက်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ကိုင်သူများမှာ မိမိစိုက်ခင်း အနီးရှိ ချောင်းရေများမှ ပိုက်လုံးဖြင့် ရေများကို သွယ်ယူ စိုက်ပျိုးကြသည်။ မြေအောက်ရေ အသုံးပြုမှုမရှိပါ။ ကွမ်းသီးပင်၊ ရာဘာပင်တို့ကို အဓိက စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၉၇) စုနှင့် ကျား(၁၉၉)၊ မ(၁၉၉)ဦးဖြင့်လူဦးရေပေါင်း (၃၉၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၁)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၇%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂.၇% ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် သတ္တုတူးဖော်ရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် ပုံမှန်ဝင်ငွေ ရရှိခြင်း မရှိပါ။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၁.၁၄% သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၁၀% သည် ချမ်းသာသည့် အဆင့်၊ ၁၈% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ချမ်းသာသောအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံစသော အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး (၇၈%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၂၀)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၀%မှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့် စားသုံးနိုင်ကြသည်။ ၃၀%မှာ ၃ လနှင့် ၅ လခန့်၊ ၄၀%မှာ ၆ လမှ ၁၂အထိ သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။

အိမ်ထောင်စုအားလုံး၏ (၁၁)စုခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ ထိုမိသားစုများသည် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သဖြင့် ကူညီစောင့်ရှောက်ပေးနိုင်ရန်လိုအပ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန် ဖျားနာခြင်းများသာရှိပြီး ကြီးကြီးမားမား ရောဂါဖြစ်ပွားမှုမရှိပါ။ ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ကျန်းမာရေးဝန်ထမ်းမရှိပါ။ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျန်းမာရေးဝန်ထမ်း ရရှိရန်လိုအပ်ပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအတွင်း ရရှိနိုင်မှုမရှိသောကြောင့် ကျန်းမာရေးအခက်အခဲပြဿနာများကို ၁၀ မိုင်ခန့်ဝေးသော တိုက်နယ်ဆေးရုံနှင့် ၂၅ မိုင်ခန့်ဝေးသော ထားဝယ်မြို့သို့ သွားရောက်ကုသနေကြရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အရေး၊ အဖတ်၊ အတွက်တို့ကို အခြေခံအားဖြင့် တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်သာ ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်ကြပြီး အလယ်တန်းပညာရေးကို ဝကုန်း ကျေးရွာတွင် တက်ရောက်ကြရပါသည်။ အထက်တန်းပညာရေးကို ဟိန္ဒား၊ မေတ္တာ၊ ထားဝယ်စသည့်ကျောင်းများတွင် သွားရောက်ပညာသင်ကြားရပါသည်။ အသက်မွေးဝမ်းကြောင်းပညာကျွမ်းကျင်မှုမှာ နိမ့်ကျနေပြီး လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။

### (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ ခွဲခြားမှုမရှိပါ။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းစံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် ပိုမိုများပြားနေပြီး အထက်တန်းပညာရေးတွင်မူ မိန်းကလေးဦးရေမှာ နည်းနေကြောင်းတွေ့ရပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများတွင် အမျိုးသားများက ပိုမိုရကြသည်။ လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမ တန်းတူအခွင့်အရေးရရှိမှု အသိအမြင်များတိုးပွားလာစေရန် ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ လုပ်ဆောင ပေးပါက အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိလာပြီး စီးပွားရေး ၊ လူမှုရေး ၊ ပညာရေး ကဏ္ဍအသီးသီးတို့အတွက်များစွာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပေသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၅) ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် World Version အဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းနေပါသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်း(၅)ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင် သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ဥယျဉ်ခြံမြေနှင့် နှစ်ရှည်သီးနှံစိုက်ခင်းတို့ကိုသာ အဓိက စိုက်ပျိုးကြသည်။ ဥယျဉ်ခြံမြေကေမှာ (၂၁၈)ကေရှိပြီး နှစ်ရှည်သီးနှံ (၄၈)ကေရှိကြောင်း တွေ့ရှိရပါသည်။ ရေအရင်းအမြစ်ရရှိသည့်နေရာနှင့်အလှမ်းဝေးပြီး ဥယျာဉ်ခြံမြေ (၅)ကေခန့်နှင့် နှစ်ရှည်သီးနှံစိုက်ခင်း (၇)ကေခန့်သာ ရေရရှိသည်ကို တွေ့ရှိရပါသည်။

တောင်သူများသည် လုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှု ပြဿနာကို ရင်ဆိုင်ရကြသည်။ လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည်။ နည်းပညာ အားနည်းမှုကြောင့် ဖျက်ပိုးကျရောက်မှုကို ဓါတုပိုးသတ်ဆေး သုံးစွဲနိုင်မှုမရှိကြပါ။ ဈေးကွက်နှင့် လက်လှမ်းမှုမရှိသည့်အတွက် လိုအပ်သော ဓါတ်မြေဩဇာများကို မရရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သောငွေကြေးကို မည်သည့်ဌာန (သို့) အဖွဲ့အစည်းများမှ ထုတ်ချေးခြင်းမရှိသဖြင့် သီးနှံ စိုက်ပျိုးချိန်တွင် များစွာ အခက်အခဲကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတော်မှ ဥယျာဉ်ခြံသီးနှံများအတွက်ပါ အတိုးနှုန်းသက်သာသော ချေးငွေထုတ်ချေးပေးရန် လိုအပ်ပါသည်။ ထို့အပြင် လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဈေးနှုန်းသတင်း ရရှိမှုနည်းပါးခြင်းတို့ကြောင့် ထိရောက်သောဈေးကွက်ဝန်ဆောင်မှုဆိုင်ရာများ အားနည်းနေပါသည်။

ကျေးရွာတွင် ကြက်မွေးမြူသူ အိမ်ထောင်စုသည် (၁၆) အိမ်ထောင်စုသာ ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ - ဥပမာအားဖြင့် ကြက်လည်လိမ်ရောဂါကြောင့် သေကြေပျက်စီးမှုများ ရှိတတ်ကြသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် စားကျက်မြေများ မရှိခြင်း၊ မျိုးတိရစ္ဆာန်များ လက်လှမ်းမီမှုမရှိခြင်း၊ ချေးငွေဝန်ဆောင်မှုမရှိခြင်း၊ အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှုမရှိခြင်းစသည်တို့ကြောင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်း နည်းပါးကြပါသည်။ သို့ရာတွင် မွေးမြူရေးကို စီးပွားဖြစ် မွေးမြူရန် အသိအမြင်ဖွင့်ဆွေးနွေးပွဲများ လုပ်ဆောင်ရန် များစွာ လိုအပ်နေပါသေးသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် လုံလောက်သော ချေးငွေပမာဏ၊ နည်းပညာသင်တန်းများရရှိပါက ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းမှာ စီးပွားဖြစ် လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်လာနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းတို့ဖြစ်သည်။ အများအားဖြင့် ကိုယ်ပိုင်လုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကြပြီး အငှားလိုက် ကျပန်းလုပ်သား နည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အပ်ထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်းသင်တန်းစသည်တို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်ကြသော်လည်း ကျေးရွာလူထုများမှ လုပ်ကိုင်နိုင်မှုမရှိသည်ကိုတွေ့ရပါသည်။ နည်းပညာပံ့ပိုးမှုအနေဖြင့် ဈေးကွက်စီမံမှုဆိုင်ရာသင်တန်း၊ ငွေကြေးစီမံမှုဆိုင်ရာသင်တန်းတို့ကို ပံ့ပိုးပေးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝင်ငွေနှင့်ထွက်ငွေ၊ အမြတ်တို့ကို တွက်ချက်နိုင်မှု၊ စာရင်းထားရှိမှုနှင့် ဈေးကွက်သဘောတရားတို့ကို သိမြင်မှု အလွန်အားနည်းသောကြောင့်ဖြစ်သည်။

ထို့အပြင် ကျေးရွာ၏ အခွင့်အလမ်းကောင်းတစ်ခုမှာ သတ္တုတူးဖော်ရေးနှင့် ကျောက်ထုတ်လုပ်ရေးများကို လုပ်ကိုင်နိုင်သဖြင့် စက်ရုံအလုပ်ရုံအဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပေသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်စိုက်ခင်းတို့တွင် ဖျက်ပိုးများ ကျရောက်တတ်သော်လည်း နည်းပညာအားနည်းမှုကြောင့် ပိုးသတ်ဆေး စနစ်တကျ သုံးစွဲနိုင်မှုမရှိပါ။ ဖျက်ပိုးများ ကျရောက်မှု ရှိပြီး နှိမ်နင်းရန် နည်းပညာ မသိရှိနားမလည်များ ဖြစ်နေပါသည်။ ပိုးသတ်ဆေးသုံးစွဲမှုများခြင်း ကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများနှင့် မြေဆီလွှာအရည်အသွေး ညံ့ဖျင်းလာမည်ဖြစ် ပေသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။

ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိသော်ကြောင့် ရေကြီးမှု၊ မုန်တိုင်းဝင်ရောက်မှု စသည့်ဘေးအန္တရာယ်များမှ ကင်းလွတ်သည်။ တခါတရံမိုးကြီးလှသဖြင့် မြေပြိုမှုအန္တရာယ်များနှင့် ကြုံတွေ့ရတတ်သဖြင့် တောင်နှင့်နီးရာနေရာတွင် နေထိုင်သောအိမ်ထောင်စုများအတွက် အန္တရာယ် တစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ငွေချေးရန် အစိုးရဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လက်လှမ်းမှုမရှိသဖြင့် ငွေတိုးချေးသူနှင့် အသိမိတ်ဆွေများထံမှ ချေးယူကြ ရသည်။ ကျေးရွာသူ ရွာသားများအနေဖြင့် ချေးငွေလိုအပ်ပါက ဆွေမျိုးများထံမှ တစ်လလျှင် (၃%)မှ (၅%)အထိ အတိုးနှုန်းဖြင့် ချေးယူကြသည်။ ဆွေမျိုးများတွင် အတိုးနှုန်းမရှိဘဲ ချေးယူနိုင်သော် လည်း လိုသလောက်ပပမာဏ မရရှိပါ။ အပေါင်ခံပစ္စည်း လိုအပ်သည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေ ချေးယူရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အစိုးရဘဏ်(သို့မဟုတ်)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးပါက ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပေ သည်။

ကျေးရွာသူ/သားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြသည်ကို တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာသူ/သားများသည် သွပ်မိုးနှင့် အုတ်နံရံကာဖြင့် ဆောက်လုပ်ထားသော မူလတန်းကျောင်းဆောင်တွင် ပညာသင်ကြားကြသည်။ အလယ်တန်းပညာရေးကို ကျေးရွာမှ ၂ မိုင်ခန့် အကွာရှိ ဝကုန်းကျေးရွာတွင်လည်းကောင်း၊ အထက်တန်းပညာရေးကို ဟိန္ဒားကျေးရွာ(သို့) ထားဝယ်မြို့တွင် သွားရောက်ပညာသင်ကြားရပါသည်။ ရွာသူ/သား အများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး ဘုန်းကြီးကျောင်းပညာရေးကို လူဦးရေအားလုံး၏ ၅.၄၅% မှာ ရရှိထားပါသည်။ မူလတန်းအောင်ရာခိုင်နှုန်းမှာလည်း မြင့်မားပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ မူလတန်းပြဆရာမမှာလည်း (၃)ဦးသာရှိပြီး ပညာရေးအတွက် အခက်အခဲရှိပါသည်။ ကျောင်းဆရာမ မရှိသည့်အတွက် ကျောင်းသားများသည် အားကစားနည်းများကို သင်ကြားခွင့်မရပါ။ ဆရာမများသည် အခြားဒေသမှာ ညအိပ်၊ ညနေ လာရောက်တာဝန်ထမ်းဆောင်နေကြပါသည်။ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာရှိသဖြင့် အတော်အသင့် အဆင်ပြေပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ သို့သော် ကျန်းမာရေးဝန်ထမ်းသည် အချိန်ပြည့်မရှိသည့်အတွက် ရွာသားများ၏ကျန်းမာရေးအတွက် အခက်အခဲရှိပါသည်။ ကျေးရွာတွင်းတွင် နှာစေး၊ချောင်းဆိုး ရောဂါ များကိုပျောက်စေနိုင်သောဆေးဝါးမျှသာ လက်လှမ်းမီပါသည်။ ထို့အပြင် အလွယ်တကူ သွားလာနိုင်ရန် လမ်းပမ်းဆက်သွယ်ရေးပြုပြင်မှုများ ဆောင်ရွက်ပေး ပါက ပိုမိုထိရောက်မည်ဖြစ်ပေသည်။

သောက်ရေအတွက် ချောင်းရေကိုသာ အသုံးပြုကြရသည်။ ကျေးရွာရှိချောင်းရေသည် နွေရာသီတွင် တစ်ခါတစ်ရံ ရေရှားပါးမှုကြောင့် ဝေးလံသောချောင်းများတွင် သောက်သုံးရေကို ခပ်ယူကြရပါသည်။ တောင်ကျစိမ့်စမ်းရေမှာ နွေ၊ မိုး၊ ဆောင်း လုံလောက်စွာရရှိသဖြင့် ရေပိုက်သွယ်တန်းခြင်းနှင့် ရေကန်များ တည်ဆောက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လုံး လုံလောက်စွာ ရရှိမည်ဖြစ်သည်။ ချမ်းသာသောအိမ်ထောင်စုများသည် အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများသည် ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ဝမ်းလျော ဝမ်းပျက် ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရ အဆင်ပြေပါသည်။ ကျေးရွာရှိချောင်းရေသည် ထို့ကြောင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲနိုင်ရန် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးပါလျှင် ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍပိုမို တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာများ နည်းပါးပါသည်။ အားကစားပစ္စည်းများနှင့် လက်လှမ်းမီမှု မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်နှင့်အခမ်းအနားများတွင်လည်း ပါဝင်မှုရှိကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်

ဖော်ဆောင်ခြင်း မရှိချေ။ စာကြည့်တိုက်၊အင်တာနက်တို့ကို လက်လှမ်းမီခြင်း၊ စာပေ၏အရေးပါမှုကို သိမြင်မှုနည်းပါးသဖြင့် စာဖတ်အားနည်းပါသည်။ လူငယ်များဖွံ့ဖြိုးတိုးတက်ရန် စာပေဟောပြောပွဲနှင့် အင်တာနက်များလက်လှမ်းမီရန် ဆောင်ရွက်ပေးခြင်း၊ ဓမ္မစကူးလ်ကဲ့သို့သော ယဉ်ကျေးမှု သင်တန်းများပေးခြင်း၊ အားကစားနည်းပညာသင်တန်းများပေးခြင်းဖြင့် လူငယ်များ ပိုမိုဖွံ့ဖြိုးလာနိုင်ပေမည်။

**(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာ၏ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ကား၊ ဆိုင်ကယ်တို့ကို အသုံးပြုမောင်းနှင်ပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုကြသည်။ အသုံးပြုသောယာဉ်များမှာ စက်ဘီး (၃)စီး၊ ဆိုင်ကယ် (၇၄)စီး၊ ကား (၄)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ရွာ၏ဘုန်းတော်ကြီးမှ ဦးစီး ဦးဆောင်မှုဖြင့် တစ်ရွာလုံးကို ဖြန့်ဖြူးပေးနေရပါသည်။ အိမ်ထောင်စု(၆)စုမှာ ဆိုလာစနစ်ဖြင့် မီးကို အသုံးပြုကြသည်။ ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ မိုဘိုင်းဖုန်းများရှိသော်လည်း ဖုန်းလိုင်းမရရှိသဖြင့် ဖုန်းလိုင်းမိသောနေရာသို့သွား၍ အသုံးပြုနေရပါသည်။ စာကြည့်တိုက်မရှိ၍ လူငယ်များ၏စာပေဖတ်ရှုမှု အားနည်းပြီး အသိပညာဗဟုသုတနည်းပါးနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီမှုမရရှိပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ထားဝယ်မြို့နယ်မှ ဝယ်ယူဖတ်ရှုကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပါသည်။ လူကုန်ကူးမှုမှာမရှိခဲ့ပါ။ အကြမ်းဖက်မှုမှာ ဖြစ်ပွားမှုနှုန်းနည်းပါးပါသည်။ မှုခင်းကြီးကြီးမားမား ဖြစ်ပွားမှုမျိုးမရှိဟု သုံးသပ်နိုင်ပါသည်။ အာမခံလုပ်ငန်းများနှင့် လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအစီအစဉ်များ ရေးဆွဲထားခြင်းမရှိပါ။

**၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်မှုမရှိသဖြင့် ထင်းမီး (သို့)မီးသွေးမီးဖိုတို့ဖြင့် ချက်ပြုတ်ခြင်း၊ တစ်ရွာလုံးအသုံးပြုလျှက်ရှိသော ဒီဇယ်အင်ဂျင်သည် ရွာ၏ဆရာတော်ဘုရား ဦးဆောင်မှုဖြင့် အသုံးပြုနေကြပါသည်။

လူငယ်ပညာတတ်ဦးရေ အနည်းငယ်ခန့်သာရှိပြီး လူဦးရေအားလုံး၏ ၆၇%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ သို့သော် ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှု မရှိပါ။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသမှုအတွက်လည်း ထားဝယ်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံကြရသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အတော်အသင့်သာရှိပါသည်။ ပညာတတ်အရည်အတွက်နည်းခြင်း၊ အသက်မွေးဝမ်းကြောင်းပညာနည်းခြင်းတို့ကြောင့် ကျဘမ်းလုပ်ကိုင်ကြရသည်။ ပညာတတ်များပေါ်ထွက်လာရန် ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခြင်းတို့ဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။

သဘာဝအရင်းအမြစ်များတွင် ဥယျာဉ်ခြံမြေများသည် တောင်ကုန်းများဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးသူများသည်  အလုပ်သမား ရှားပါးမှု အခက်အခဲကိုတွေ့ကြုံနေရပါသည်။ ကျေးရွာ၏ခြံမြေများသည် ရေအရင်းမြစ်နှင့်အလှမ်းဝေး၍ ရေသွင်းစိုက်ပျိုးနိုင်ခြင်းမရှိပါ။ ထို့အပြင် သစ်တောများကျန်ရှိနေသောကြောင့် သစ်(အနည်းငယ်)၊ ဝါး ရရှိနိုင်ခြင်း၊ စိမ့်စမ်းရေတစ်နှစ်ပတ်လုံးရရှိနိုင်ခြင်းနှင့် စားသုံးရန်အသီးအရွက်နှင့် တိရစ္ဆာန်များလက်လှမ်းမီမှုရှိပါသည်။

ကျေးရွာ၏မွေးမြူရေးလုပ်ငန်းသည် ကြက်မွေးမြူရေးကိုသာ လုပ်ကိုင်ပါသည်။ သို့သော်လည်း မွေးမြူရေးလုပ်ကိုင်သည့်အိမ်ထောင်စုများသည် စီးပွားအဖြစ် မွေးမြူခြင်းမဟုတ်ဘဲ တစ်အိမ်ထောင်စားသုံးရန်အတွက်သာ မွေးမြူထားပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရန်အဆင်ပြေနိုင်ပါသည်။ မိုဘိုင်းဆက်သွယ်ရေးနှင့် အခြားလူမှုဝန်ဆောင်မှုအဖွဲ့အစည်းများကို လက်လှမ်းမီမှုမရှိပါ။ အင်တာနက်အသုံးပြုနိုင်မှုမှာ မရှိသည့်အတွက် သတင်းအချက်အလက်များကို ချိတ်ဆက်သုံးစွဲနိုင်ခြင်း မရှိပါ။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိဥယျာဉ်ခြံမြေများကို မြေနေရာအခက်အခဲကြောင့် တိုးချဲ့နိုင်ခြင်းမရှိပါ။ မြေဆီလွှာသြဇာများမှာလည်း အတန်အသင့်သာ ကောင်းမွန်ပါသည်။ နည်းပညာဆိုင်ရာအားနည်းမှုများကြောင့် ဓါတုပိုးသတ်ဆေး အသုံးချနိုင်မှုမရှိပါ။  ထို့အပြင် ဥယျဉ်ခြံမြေစိုက်ပျိုးသူများမှာ ဈေးငွေလုံလောက်မှုမရှိသဖြင့် အတိုးနှုန်းသက်သာသောဈေးငွေ ၊ သင့်လျော်သော စိုက်ပျိုးရေးနည်းပညာများ ရရှိပါက သီးနှံထုတ်လုပ်မှုအတွက် အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးအတွက်သော်လည်းကောင်း၊ စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ အခြားစီးပွားရေးလုပ်ငန်းများအတွက်သော်လည်းကောင်း နည်းပညာဆိုင်ရာ အားနည်းမှု၊ ဈေးငွေ၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ မရှိပေ။ ထို့ကြောင့် ဆွေမျိုးများထံတွင် အတိုးနှုန်း

ကြီးစွာဖြင့် ငွေချေးနေရသည်။ အကယ်၍ အတိုးနှုန်းသက်သာသော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ရှိပါက အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးရန်မလိုဘဲ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းအတတ်ပညာ၊ အသိပညာတို့ အားနည်းပါသည်။

သောက်သုံးရေမှာ ချောင်းရေမှ အဓိကရရှိပြီး နွေရာသီတွင် ရေခမ်းခြောက်သဖြင့် အခက် အခဲများကို ကြုံတွေ့ရပါသည်။ စိမ့်စမ်းရေကို ကျေးရွာတွင်းသို့ ရေသွယ်နိုင်ရန် ငွေကြေး အထောက်အပံ့များ လိုအပ်နေပါသည်။

ပညာရေးအခြေအနေမှာ အလွန်နိမ့်ကျဆဲဖြစ်သည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူ လူဦးရေမှာ ကျေးရွာ၏(၂)ရာခိုင်နှုန်းခန့်ပင်ရှိသည်။ မူလတန်းအောင်ပြီးသူ ရာခိုင်နှုန်းမှာ ကျေးရွာ၏ (၃၅) ရာခိုင်နှုန်း ခန့်ရှိသည်။အကြောင်းမှာ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး အလယ်တန်း၊ အထက်တန်းတက်ရောက်နိုင်ရန်အတွက် လမ်းပမ်းဆက်သွယ်ရေး အခက်အခဲရှိခြင်း ကြောင့်ဖြစ်သည်။ လူငယ်များ၏ အနာဂါတ်လှပနိုင်စေရန် မိဘများ၏ပညာရေးအပေါ်တွင် စိတ်ပါ ဝင်စားမှုရှိလာစေရန် ဆွေးနွေးခြင်း၊ လမ်း၊တံတားပြုပြင်ခြင်းနှင့် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်ပေးသင့်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ချေးငွေရရှိနိုင်ရန် အဖွဲ့အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ၊ ဈေးကွက်ဆိုင်ရာ သင်တန်းများ ရရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

၁.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ချေးငွေများ အတွက် ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်၊မွေးမဟုတ်သော လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

၁.၂) ကျေးရွာတွင် မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းကျောင်းအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ၊ ဆရာမ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၃) ကျေးရွာတွင် လမ်းပမ်းဆက်သွယ်ရေး အဆင်ပြေလာစေရန် ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းနှင့်တံတားများ ပြုပြင်လာနိုင်ရန် ကျေးလက်ဦးစီးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပြီး အလယ်တန်း၊ အထက်တန်းပညာများကို လွယ်ကူစွာ သင်ယူဆည်းပူးလာနိုင်ရန် ဆောင်ရွက်သွားမည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းဖြင့် ဘေးကင်း လုံခြုံသော ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း ရရှိစေရမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။

အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် ဥယျာဉ်ခြံသီးနှံများဖြစ်သော ကွမ်းသီးနှင့် နှစ်ရှည်ခံပင်ဖြစ်သော ရာဘာတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် အဓိက ပြဿနာမှာ ငွေအရင်းအနှီးမရှိခြင်းပင် ဖြစ်သည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်ယာမြေများအတွက်သာ ငွေထုတ်ချေးပြီး ဥယျာဉ်ခြံသီးနှံများအတွက် မည်သည့်ဘဏ်၊ အဖွဲ့အစည်းမှ ထုတ်ချေးခြင်းမရှိပါ။ စိုက်ပျိုးရေး လုပ်ကိုင်သူများမှာ သီးနှံပေးဖြင့် ငွေကြိုယူ၍ စိုက်ပျိုးခြင်း၊ အတိုးဖြင့် ငွေချေးယူခြင်းတို့ဖြင့် ဖြေရှင်း နေကြသည်။ ဘဏ်(သို့မဟုတ်) ငွေချေးသည့်အဖွဲ့အစည်းများမှ အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ် ချေးပေးသင့်ပါသည်။

ကွမ်းသီးပင်များမှာ ပိုးမွှားကျရောက်မှုများပြီး ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိပါ။ ထိရောက် သောနည်းပညာပံ့ပိုးမှုများကို စိုက်ပျိုးရေးဦးစီးဌာနမှ လုပ်ဆောင်ပေးသင့်ပါသည်။ ထို့အပြင် စိုက်ပျိုးရေ ရရှိနိုင်သော ရေအရင်းအမြစ်များရှိသော်လည်း ထိရောက်စွာ အသုံးချနိုင်ခြင်း မရှိပါ။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ကျေးရွာတွင် မည်သည့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ မရှိပါ။ ကျေးရွာလူထုမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်/မွေးမဟုတ်သောလုပ်ငန်းများအစရှိသည့် စီးပွားရေးလုပ်ငန်းများအတွက် ငွေတိုးဖြင့် ချေးယူနေကြရသည်။ ဘဏ်နှင့်အခြားငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုများ ပေးသင့်ပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်း၊ထုတ်လုပ်မှု လုပ်ငန်း များဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ် အကိုင်နှင့် အမြတ်စွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်း ရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက် အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာမှ အသေးစား လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအချိန်ထိ အဆင့်သင့် မတွေ့ရသေးပေ။ နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့အစည်း ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင် ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်း အချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်အဆင့်မှ ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## (င) အခြေခံအဆောက်အဦ

ကျေးရွာတွင် အဓိက လိုအပ်ချက်တစ်ခုမှာ လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်လာစေရေး ဖြစ်သည်။ ရွာချင်းဆက်လမ်းများမှာ မိုးတွင်းကာလတွင် အလွန်ဆိုးရွားပြီး သွားလာရန် ခက်ခဲပါသည်။ လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ပါက အရေးပေါ်ကျန်းမာရေးအခက်အခဲကို ကျော်လွှားနိုင်ခြင်း၊ ပညာရေးတတ်များ ပိုမိုများပြားလာခြင်း၊ ကုန်စည်များ ဈေးကောင်းရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူး များစွာရရှိနိုင်ပါသည်။ လမ်း၊ တံတားများပြုပြင်တည်ဆောက်နိုင်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ တာဝန်ယူဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမခံချက်ကာလအတွက် ပြင်ဆင် ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ် လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ် စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည်

စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi – cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး*** | | | | | |
| **သောက်သုံးရေလုံလောက်စွာရရှိရေး** | ၁။ နွေရာသီတွင် ရေလုံလောက်စွာ ရရှိရေး | ၈၀ | ၁ | • အများသုံးစွဲနိုင်သော ရေစုကန်တည်ဆောက်ပေးခြင်း<br>• ရေတွင်း၊ ရေကန်များတူးဖော်ပေးခြင်း | • ကျေးလက်ဦးစီး |
| **လမ်း၊ တံတား ကောင်းမွန်လာစေရေး** | ၂။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေး | ၇၀ | ၂ | • စနစ်တကျထိန်းသိမ်းရန်ညှိနှိုင်းဆောင်ရွက်ခြင်း<br>• ရေမြောင်းများစနစ်တကျရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း<br>• သစ်ပင်ဝါးပင်များ အကိုင်းအခက်များရှင်းလင်းခြင်း | • ကျေးလက်ဦးစီး |
| ***ကျန်းမာရေးကဏ္ဍ*** | | | | | |
| **ကျန်းမာရေးတိုးတက်လာစေရေး** | ၃။ ထိရောက်သောကျန်းမာရေးဝန်ဆောင်မှု ရရှိလာစေရေး | ၅၀ | ၃ | • ကျန်းမာရေးအသိပညာပေးသင်တန်းများ ပို့ချပေးခြင်း<br>• ကျန်းမာရေးဆိုင်ရာစာအုပ်များဖတ်ရှုမှုအားကောင်းလာအောင် တိုက်တွန်းခြင်း | • ကျန်းမာရေးဦးစီး |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| **ရေအရင်းအမြစ်ရရှိမှုနည်းပညာလက်လှမ်းမီစေရေး** | ၄။ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး | ၄၀ | ၄ | • ရေအရင်းအမြစ်ရရှိမှုနည်းပညာသင်တန်းများပို့ချပေးခြင်း<br>• ထုတ်ကုန်ရောင်းဝယ်မှုဝန်ဆောင်မှုဈေးကွက်များ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း | • စိုက်ပျိုးရေး/ဆည်မြောင်း/ဦးစီး |
| ***လူငယ်ဖွံ့ဖြိုးကဏ္ဍ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး*** | ၅။ လူငယ်များအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး | ၃၅ | ၅ | • နေရာကျယ်ကျယ်နှင့် တန်ဖိုးကြီးပစ္စည်းများ မလိုသည့် အားကစားနည်းများမှစတင်၍ လူငယ်များ အားကစား မှန်မှန်လုပ်လာအောင် စီစဉ်ပေးခြင်း | • အား/ကာဦးစီး |
| ***မွေးမြူရေးကဏ္ဍ*** | | | | | |

| | | | | | |
|---|---|---|---|---|---|
| **စီးပွားဖြစ်မွေးမြူ လာနိုင်ရေး** | ၆။ ငွေအရင်းအနှီးနှင့်နည်းပညာဝန်ဆောင်မှု | ၂၅ | ၆ | • မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ပေးခြင်း<br>• ခေတ်မီမွေးမြူရေးစနစ်များ လက်တွေ့ဆောင်ရွက်ပေးခြင်း<br>• မွေးမြူဦးစီးဌာနနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုပြုလုပ်ပေးခြင်း | • မွေး/ကု ဦးစီး |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | နွေရာသီတွင် ရေလုံလောက်စွာ ရရှိရေး | ၁ | | | | | |
| ၁ | လမ်း၊ တံတား ကောင်းမွန် လာစေရေး | ၁ | Â | Â | Â | | |
| ၂ | ကျန်းမာရေး တိုးတက်လာစေရေး | ၂ | Â | Â | | Â | Â |
| ၃ | ရေအရင်းအမြစ် ရရှိမှုနည်းပညာ လက်လှမ်းမီစေရေး | ၃ | | Â | Â | | |
| ၄ | လူငယ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ကောင်းမွန်လာစေရေး | ၄ | Â | | Â | Â | |
| ၅ | စီးပွားဖြစ်မွေးမြူ လာနိုင်ရေး | ၅ | | Â | | Â | Â |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | လမ်း၊ တံတား ကောင်းမွန်လာစေရေး | | | | | |
| ၂ | ကျန်းမာရေး တိုးတက်လာစေရေး | | | | | |
| ၃ | ရေအရင်းအမြစ် ရရှိမှုနည်းပညာ လက်လှမ်းမီစေရေး | | | | | |
| ၄ | လူငယ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ကောင်းမွန်လာစေရေး | | | | | |
| ၅ | စီးပွားဖြစ်မွေးမြူလာနိုင်ရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်

အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း**

